# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ၁၇ ရက်မြောက်နေ့အစီအစဉ်
# [၂-၈-၂၀၁၃] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ကျော်ခင်၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဝန်ထမ်းအင်အား တိုးချဲ့ ဖွဲ့စည်းခြင်း နှင့် မြို့နယ်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **ဆိုင်ကယ်စီးစဉ် ဆိုင်ကယ်စီးဦးထုပ် မဆောင်းထား၍ ဒဏ်ကြေးအဖြစ်ပေးဆောင်ရသောငွေဖြင့် ဆိုင်ကယ်ဆောင်းဦးထုပ်ကို ချက်ချင်းရောင်းချပေး၍ လက်တွေ့ ဆောင်းသွားစေရန် ညွှန်ကြားချက်များထုတ်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **အဓိကရထားလမ်းပိုင်းများတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်ရန်အတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **မီးချောင်းတံတား၊ သဲမချောင်း တံတားနှင့် နမဒါချောင်းတံတား တည်ဆောက်ရေးတွင် ရထားသွား တံတားပါ ပူးတွဲဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **မြစ်သာမြစ်ကူးတံတားကြီး၏ အခင်းကတ္တရာလမ်းများ ပျက်စီးနေမှုအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားကို ပြပွဲ၊ ပြိုင်ပွဲ၊ အားကစားပွဲ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဖော်ထုတ်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် နှင့် ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်း အခမ်းအနားကို ပြန်လည်ဖော်ထုတ်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **ဒေါပုံမြစ်တွင် နစ်မြုပ်လျက်ရှိသော မွေ့စေတီခေါင်းလောင်းတော်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **သဘာဝခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ချမှတ်ပေးရန်နှင့် ချင်းပြည်နယ်တွင် သဘာဝနယ်မြေသစ်များ တိုးချဲ့သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဈ) ဦးလှထွန်း၊ ခရ္ဆီး မဲဆန္ဒနယ်၏ **အဆိုပြု သစ်တောကြိုးဝိုင်းများ၊ သေးမဲ့တောများကို ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် စာရင်းဇယားများ နှင့်ကုန်ကျစရိတ်များကို ထင်သာမြင်သာရှိအောင် ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **“ ဆက်သွယ်ရေး ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။